# အမှာစာ

(၁)

'ခမည်းကြိုး' မဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည် ရေးမိခြင်းအပေါ် ကျွန်မ စာဖတ်ပရိသတ်များအဖို့ရာ ထူးဆန်းသလို ရှိနိုင်ကောင်းပါ၏။ ကျွန်မကိုယ်တိုင်လည်း ဆန်းကြယ်သလို ခံစားရပါသည်။ ကျွန်မရေးရန် စိတ်ကူးယဉ်စဉ်က မဂ္ဂဇင်းဝတ္ထုရှည် စဆုံးလောက်ရေးမည်ဟု စိတ်ရှိခဲ့သော်လည်း တကယ်တမ်း ချရေးဖြစ်သည့်အခါ နှစ်လ၊ သုံးလလောက် ဆက်ရေးရလိမ့်မည် ထင်ခဲ့သည်။ Beauty မဂ္ဂဇင်း အယ်ဒီတာများကိုလည်း ကျွန်မ သည်လိုပဲ ပြောခဲ့ပါသည်။ အယ်ဒီတာအဖွဲ့က ဆရာမ စိတ်ကြိုက်ရေးပါ။ ကျွန်တော်တို့ မဂ္ဂဇင်းအနေနဲ့ ကန့်သတ်မှုမရှိပါဟု ဆိုကြပါ၏။ တကယ်လည်း စိတ်ရှည်လက်ရှည် ထည့်သွင်း ဖော်ပြပေးခဲ့ကြသဖြင့် Beauty မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်ရပါသည်။ တကယ်ရေးတော့လည်း (၁၁) လ ကြာခဲ့ပါသည်။



(၂)

ကျွန်မအနေဖြင့် လုံးချင်းဝတ္ထုရှည်ဟု ပြောနိုင်သည့် ဝတ္ထု (၇) အုပ် ရေးဖြစ်ခဲ့ပါသည်။ ခါတိုင်း ရေးရိုးရေးစဉ်ဝတ္ထုများမှာတော့ ဇာတ်ကျောရိုး ရှိပြီးသားကို ခံစားမှုအရ ဖွဲ့ကာနွှဲ့ကာ ရေးမိသည့်အတွက် ကျွန်မစိတ်သန်ရာ ကျေးလက်ကို အခြေတည်မိတာ များပါသည်။ သည်ဝတ္ထုမှာတော့ ကျွန်မ ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော မြို့ငယ်ကလေးတစ်မြို့မှ မိန်းမသားတစ်ဦး၏ ကိုယ်အမူအရာ၊ စိတ်အမူအရာတွေ ကျွန်မကို လွှမ်းမိုးနေခဲ့တာက စပါသည်။ သည်မိန်းမသားကို တွေ့ပြီးကတည်းက သူမ၏ ရုပ်ရည်၊ ပြောပုံဆိုပုံ၊ ချဲ့လုံး လှန့်လုံး၊ တမင်တကာ လုပ်ယူထားသော အမူအရာတွေက ကျွန်မကို နတ်စီးသလို စီးနေခဲ့သည်ဆိုလျှင် ပို၍မှန်မည်ထင်ပါ၏။ သို့သော် သူမနှင့်ပတ်သက်လို့ ကျွန်မ တွေ့ခဲ့ကြုံခဲ့၊ ကြားခဲ့သိခဲ့ရတာ သိပ်များများတော့ မဟုတ်ပါ။ ထိုမိန်းမသားကိုယ်တိုင် ပြောပြသော သူမ၏ ဘဝအကြောင်းအရာ အကြမ်းနှင့် လက်ရှိ လုပ်ကိုင်စားသောက်နေရသည့် အသက်မွေးမှု ရိုးတိုးရိပ်တိတ် လောက်သာ ဖြစ်သည်။ သို့သော် ထိုဝိုးဝိုးဝါးဝါးလောက် သိခဲ့ခြင်းသည်ပင် ကျွန်မကို ခံစားမှုပေးသလို ရှိခဲ့သည်။ ဝန်ခံရလျှင် သိထား မြင်ထားသော အကြောင်းအရာကို အခြေခံကာ ကျွန်မ ဖန်တီးယူသောဇာတ်ဟု ဆိုရပါမည်။

(၃)

မြို့ငယ်လေးတစ်မြို့ကို ကျွန်မတို့တစ်တွေ ရောက်သွားသည့်အချိန်မှာ ညနေစောင်းပါပြီ။ ကျွန်မတို့နှင့် အတူပါလာသည့် စာရေးဆရာကို တစ်ခန်း၊ ကျွန်မတို့မိသားစုကို တစ်ခန်း နေရာချထားပေးသော်လည်း ဆရာနေက ကျွန်မတို့သားအမိ ကျယ်ကျယ်ဝန်းဝန်း နေနိုင်ရန် အတူပါလာသော ဆရာနှင့် အိမ်ရှေ့ခန်းမှာ နေရာယူကြပါသည်။ ကျွန်မတို့သားအမိ နှစ်ယောက်တည်းသာ အိမ်ကြီး၏ အိပ်ခန်းထဲမှာ နေရသလို ရှိခဲ့ရသည်။ အိမ်ကြီးက သစ်သား အိမ်ကြီး ဆိုသော်လည်း ဟောင်းမြင်းလှပါပြီ။ သစ်တောနယ်ကြီးထဲက



အိမ်ဆိုတော့ ရှေးရိုးဆန်သည်။ တစ်ချိန်က သစ်ကောင်းဝါးကောင်းနှင့် ဆောက်ထားခဲ့တာ မှန်သော်လည်း ကျွန်မတို့ တည်းခိုရချိန်မှာတော့ အိမ်ကြီးတစ်အိမ်လုံး နွံ့နေလေပြီ။ လှေကားဆံတွေက ချောင်လှကာ ဆင်းတိုင်း တက်တိုင်း အိမ်မကြီး တစ်အိမ်လုံး ယိမ်းလှုပ်နေတာကလည်း ပြိုကျသွားလေမလား မှတ်ရသည်။ အိမ်ကြီး၏ အခန်းဖွဲ့ပုံတွေကလည်း ကျွန်မတို့ တွေ့ရိုးတွေ့စဉ်မျိုး မဟုတ်ပါ။ အခန်းတွေ ဖွဲ့ထားသော်လည်း တံခါးရှိသည့်အခန်းက ရှိ၍၊ မရှိသည့်အခန်းတွေလည်း ရှိသည်။ အိမ်ကြီးပေါ်မှာပဲ ရေချိုးခန်း ရှိသည်။ ရေအိမ်ရှိသည်။ ရေတွေက နောက်ကျိကျိ။

ထူးဆန်းတာက ကျွန်မတို့သားအမိ နေရသည့်အခန်းထဲမှာ ရှေးတစ်ခေတ်က ရိုက်ကူးထားသော အဖြူအမည်း အညိုဓာတ်ပုံတွေ ခပ်စိတ်စိတ် ချိတ်ထားခြင်းပင်။ ဓာတ်ပုံတိုင်းလိုလို ဖုန်တသောသော ပင့်ကူမျှင် တဖွားဖွားနှင့်။ မှန်ရှိတာကရှိ၊ ကွဲတာကကွဲ။ ဘယ်ဓာတ်ပုံမှ ကြည်ကြည်လင်လင် မရှိ။ သည်ကြားထဲ ခုတင်အောက်မှာ ဖြုတ်စဗျင်းတောင်းတွေ ပြည့်လို့။ အခန်းအတွင်း ဗီရိုနှစ်လုံးပေါ်မှာ ဖုန်တွေ ထုတက်နေကြသည့် ဖိုင်တွဲဟောင်းတွေ၊ စာအုပ်ဟောင်းတွေ၊ စက္ကူဘူးခွံကြီးတွေ၊ ပုလင်းဟောင်းတွေ။ အခန်းတွင်း လှည့်လည်သော သဘာဝလေ မရှိသည့်အတွက် ပိုးဟပ်ချေးနံ့၊ ဖုန်နံ့၊ မှိုနံ့တွေ ဆူဆူကြွလျက်ရှိ၏။ ညဘက်မှာလည်း တစ်အိမ်လုံးမှာမှ မီးတစ်ပွင့်တည်းသာ ရှိသည့်အပြင် အိမ်ထုပ်တန်းအလယ်လောက်မှာ ဆွဲထားသည့် မီးကြိုးက မြင့်လွန်းလှသဖြင့် အလင်းနည်းလှပါသည်။

ထိုအိမ်ကြီးမှာ မိန်းမသားတစ်ယောက်တည်း နေသဖြင့် စာပေကော်မတီက ကျွန်မတို့ကို နေရာချပေးခြင်း ဖြစ်ပါသည်။ ထိုမိန်းမသားမှာ မြင်တွေ့နေကျ ရုပ်ရည်မျိုးမဟုတ်ဘဲ ဥရောပဆန်သော ရုပ်ရည်၊ တိုစစ ဆံပင်၊ မျက်ရစ်ကွင်း ညိုညို၊ အရေပါးပါး၊ အသားဖြူဖြူနှင့် မွန်ရည်ချောမောလှသူ ဖြစ်ပါ၏။ တစ်ခါတစ်ရံ ညှပ်ပြောတတ်သော အင်္ဂလိပ်စကား အသံထွက်ကလည်း ကောင်းလှသည်။ သည်ကြားထဲ သူမကိုယ်တိုင်က ပေါ်တူဂီသွေးပါသူ... ဟု ပြောလာပြန်သဖြင့် ကျွန်မအဖို့ရာ ပို၍ပင် စိတ်ဝင်စားမိခဲ့ရပါသည်။



ကျွန်မတို့ စာရေးဆရာများ ရောက်ကတည်းက အိမ်ရှင်ပီသစွာ ကျွေးမွေးမပျက် ရှိရှာသည်။ အထူးသဖြင့် မိန်းမသားချင်းဖြစ်သော ကျွန်မအနားက မခွာဘဲ စကားတတွတ်တွတ် ပြောနေတတ်ပါသည်။ ကြာတော့ ကျွန်မ နားပါရစေ တောင်းပန်ကာ အခန်းတွင် ဝင်အောင်းရသည်အထိပင်။

ထိုညက ကျွန်မနှင့်သမီးလေးတို့ အခန်းတွင်း ခုတင်ကြီးပေါ်မှာ အိပ်ကြရသည်။ သမီးက အိပ်ပျော်သွားသော်လည်း ကျွန်မမှာ အိပ်မပျော်။ အလုံပိတ်ထားသော အခန်းထဲမှာ ချွေးစေးတွေပြန်ကာ မူးနောက်နောက် ဖြစ်နေရသည်။

(၄)

ညဘက် ဟောပြောပွဲက အိမ်ကြီးနှင့် အတော်လှမ်းသော မြို့တွင်းမှာ ဖြစ်၍ ကျွန်မတို့ တည်းခိုအိမ်နှင့် ဝေးပါသည်။ ဟောပြောပွဲမှာ သမီးကိုင့်ကာ ကျွန်မ ပထမဆုံး ဟောပြောပါသည်။ ဆရာနေတို့နှစ်ယောက်က ဟောပြောဖို့ ကျန်ရစ်ခဲ့ကြသည်။ ကျွန်မ ဟောပြောပြီးသည်နှင့် ကျွန်မတို့သားအမိကို အိမ်ရှင် မိန်းမသားကိုယ်တိုင် လက်နှိပ်ဓာတ်မီးတစ်လက်နှင့် တည်းအိမ်ကို ပြန်ပို့ပေးပါ၏။ ကျွန်မတို့ကို ပြန်ပို့၊ အခန်းတွင်း နေရာချထားပေးပြီးသည်နှင့် ဟောပြောပွဲကို ပြန်သွားဦးမည်ဆိုကာ အိမ်ရှင်မိန်းမသားက ကျွန်မတို့ သားအမိနှစ်ယောက်တည်း ထားပစ်ခဲ့ပါသည်။ သူမ ဆင်းသွားတော့ အိမ်ကြီးတစ်အိမ်လုံး သိမ့်သိမ့် လှုပ် ကျန်ခဲ့သည်။

တစ်အိမ်လုံးမှာ ကျွန်မတို့သားအမိ နှစ်ယောက်တည်း။ သမီးက အိပ်လို့။ သည်တော့မှ ကျွန်မ ပြန်လာလို့ မှားမှန်းသိလိုက်ပြီ။ သစ်တောရိပ်ထဲက ရှေးဟောင်းအိမ်ကြီးတစ်လုံး၊ ထိုအိမ်ကြီးထဲက အခန်းတစ်ခန်း၊ ထိုအခန်းထဲမှာမှ ကျွန်မတို့သားအမိနှစ်ယောက်...။ မီးပွင့်က မှိန်မှိန်။ ကျွန်မ လက်ထဲက ဓာတ်မီးနဲ့ အခန်းကို လျှောက်ထိုးကြည့်တော့ ရှေးဟောင်းဓာတ်ပုံတွေ...၊ ကျွန်မကို ဝိုင်းကြည့်နေသလို ခံစားနေရပါ၏။



"ကျွန်မယောကျ်ားက သေတာ ကြာပြီ...ဒါပေမဲ့ သူ ကျွန်မ နားမှာပဲ ရှိတယ်...ကျွန်မ မြင်နေရတယ် ဆရာမရဲ့...ကျွန်မတို့ချင်း စကားပြောလို့တောင် ဖြစ်တယ်...ကျွန်မကို သူ စိတ်မချဘူး...ကျွန်မ နောက်အိမ်ထောင်ပြုမှာ စိုးတယ်နဲ့တူပါရဲ့...ကျွန်မတို့မှာ သားသမီး မရခဲ့ကြတော့ ကျွန်မလည်း အထီးကျန်ရတာပါပဲ...ကျွန်မက အကြားအမြင် ပါရမီပါလို့ လူတစ်ယောက်ရဲ့ ရှေ့ဘဝ၊ နောက်ဘဝတွေကို ကောင်းကောင်းပြောနိုင်တယ်...ကပ်ငြိနေတဲ့ အတွင်းရောဂါတွေကို သိတယ်...ကျွန်မတို့ ဆည်းကပ်တဲ့ မယ်တော်ကြီးက အသက်တစ်ရာ ဟိုဘက် အများကြီးကျော်ပြီပဲဟာ..."

ကျွန်မက တစ်ချိန်လုံး တတွတ်တွတ်ပြောပြသည့် စကားတွေထဲက အချို့ကို အမှတ်ရနေမိသည်။ ပင်ကိုအားဖြင့် တစ္ဆေသရဲ စသော မကောင်းသူ မကောင်းသား ဆိုတာတွေကို ကျွန်မ ကြောက်တတ်ခြင်းမရှိပါ။ ကျွန်မ ကိုယ်တိုင် ရွာကြီးမိုးမှောင်မှာ ကြီးပြင်းခဲ့ရသည့်အလျောက် ကျေးရွာတွေမှာ ကြားရတတ်သည့် ချောက်ချားစရာ ဇာတ်လမ်းတွေ အကြားနာခဲ့ရပါ၏။ သို့သော် တစ်ခါမျှ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရဖူးခြင်း မရှိသလို၊ ကြောက်တတ်ခြင်း မရှိတာလည်း အမှန်ပင်။ သည်တစ်ခါမှာတော့ ကျွန်မကိုယ်တိုင် မသိုးမသန့် ရှိလှသည်။ သမီးကလေးကို ပွေ့ပြီး ဟောပြောပွဲရှိရာကို ထသွားရလျှင် ကောင်းမလား။ ပြန်လာမည့်သူတွေကို ငုတ်တုတ် မျှော်ရမှာလား။ အိမ်ကြီးက တိတ်ဆိတ်ခြင်းဖြင့် ဆူပွက်နေသယောင်ယောင်...။ ငြိမ်သက်ခြင်းဖြင့် ယိမ်းခါနေသယောင်ယောင်...။

ထိုညက ကျွန်မ၏ ခံစားမှုတွေ ဦးစောက်ပြောင်းပြန် ဖြစ်နေခဲ့တာကတော့ အမှန်ပင်။ သည်လိုနှင့် ကျွန်မ၏ခံစားမှုကို အရင်းပြုကာ အိမ်ရှင်မိန်းမသား ပြောပြသော ဘဝဇာတ်လမ်းကို ချဲ့ထွင်၊ မြန်မာ့သစ်တောသမိုင်း စာအုပ်များမှ အချက်အလက်များကို ရယူ၊ အခြားဇာတ်ကောင်များ ထည့်သွင်း လှုပ်ရှားစေခြင်းအားဖြင့် 'ခမည်းကြိုး' ဝတ္ထုရှည်ကြီး ဖြစ်ခဲ့ရပါ၏။ အထူးသဖြင့် ကျွန်မ ရန်ကုန်ရောက်သခိုက် စာအုပ်အဟောင်းတန်းမှ ရှာဖွေ ဝယ်ယူ



ခဲ့သော ခင်ကြီးဖျော်၏ 'ကဝေသာရ'ကျမ်း စသော ရှေးဟောင်းပညာရပ်ဆိုင်ရာ စာအုပ်များမှ အချက်အလက်များကို အလျဉ်းသင့်သလို ထည့်သွင်း ရေးသားကြောင်းကိုလည်း ဖော်ပြလိုပါသည်။

(၅)

'ခမည်းကြိုး' လုံးချင်းဝတ္ထုကို အခန်းဆက်ဖော်ပြပေးခဲ့သည့် Beauty မဂ္ဂဇင်းအယ်ဒီတာများနှင့် မဂ္ဂဇင်းတွင် ဖော်ပြစဉ်က အထူးသရုပ်ဖော်ပေးခဲ့သော ဆရာ စောမင်းဝေ၊ စာအုပ်အတွက် မေတ္တာဖြင့် လုံးပန်း ဆောင်ရွက်ပေးသော ကိုဝင်းချို (ရူပစာပေ)၊ မျက်နှာဖုံးပန်းချီ ခံစားဖွဲ့နွဲ့ပေးသူ ဆရာ မြင့်မောင်ကျော်၊ ကွန်ပျူတာ စာစီပေးသော ညီမလေး မိုးသူဇာ၊ စာအုပ်ချုပ် ကိုမြင့်၊ မောင်ငယ် မောင်ရဲမင်းအောင် (ကိုရဲ)–မစန္ဒာ မိသားစု၊ စင်ကာပူမှ ကိုနေမင်းဟိန်း–မစမ်းသီတာချစ် မိသားစု၊ ကိုကျော်စွာမြင့် (စင်ကာပူ) နှင့် ကူညီခဲ့ကြသူအားလုံးကို ကျွန်မ ကျေးဇူးစကား ဆိုချင်ပါသည်။

'ခမည်းကြိုး' ဝတ္ထုရှည်ကို လစဉ်မပျက် စောင့်ဖတ်ကာ ဖုန်းနှင့် အားပေးကြသော စာဖတ်ပရိသတ်ကိုလည်း ကျေးဇူးတင်ရပါ၏။

ကျွန်မမှာ ၂၀၁၀၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ နယ်တကာ၊ ရပ်တကာ စာပေဟောပြောပွဲများ ထွက်ခဲ့ရသဖြင့် စာအရေးကျဲခဲ့ရပါသည်။ ၂၀၁၁၊ ဇွန်လ ကျောင်းဖွင့် ရာသီမှာတော့ သမီးကလေး ကျောင်းပြန်ဖွင့်ပြီဖြစ်လို့ ကျွန်မ အိမ်ကပ်နိုင်ပါပြီ။ စာပြန်ရေးနိုင်ကောင်းပါပြီ။ စာတွေ ရေးပါဦးလို့ အကြိမ်ကြိမ်အားပေးကြသော စာချစ်သူများ၏ မေတ္တာစေတနာကိုလည်း ချစ်ခင်လေးစားစွာ ခံယူရပါ၏။

*ကျန်းမာ ချမ်းသာ ပန်းပမာ လန်းဖြာကြပါစေ...။*

**ခင်ခင်ထူး**

၂၀၁၁ ခုနှစ်၊ မေလ ၂၂ရက်

မန္တလေး။